အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

## ၂၀၁၈ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ မှ ထုတ်ပြန်သည့် အစီရင်ခံစာအပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ် ၊ ဧပြီလ (၂၅) ရက်။

၂၀၁၈ခုနှစ် ဧပြီလ ၁၆ ရက်နေ့ တွင် ကုလသမဂ္ဂမှ မြန်မာ့တပ်မတော်သည် ရိုဟင်ဂျာ အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့်ပတ်သက်၍ နာမည်ပျက်စာရင်းတွင် ထည့်သွင်း သတ်မှတ်ခြင်းခံရသည်ဆိုသည့် ထုတ်ပြန်ချက်နှင့် အတူ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု မှုခင်းများကို မှတ်တမ်း နှင့် တကွ ထုတ်ပြန်ကြေညာခဲ့သည့် အပေါ် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှထောက်ခံကြိုဆိုသည်။[1]

မြို့နှင့် ဝေးလံ ခေါင်းပါးပြီး တပ်မတော် ထိန်းချုပ်မှုအောက် တိုင်းရင်းသား နယ်မြေများရှိ တိုင်းရင်းသူ အမျိုးသမီးများ၏လုံခြုံရေးသည် နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်ခြင်း ခံနေရသည်။ တိုင်းရင်းသား ဒေသများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကျူးလွန်ချိုးဖောက်သော တပ်မတော်သားများအား အပြစ်ပေးအရေးယူခံရခြင်းမှ ဆက်လက်ကင်း လွတ်နေခြင်း အပေါ်အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ပြင်းထန် စွာ ကန့်ကွက်ရှုတ်ချ သည်။[2]

ဒီမိုကရေစီ အစိုးရသစ်တက်လာပြီး ငြိမ်းချမ်းရေးလမ်းစဉ်များဖော်ဆောင်သည့် ကာလတစ်လျှောက် တပ်မတော်မှ ကချင်ပြည်နယ် ဆွမ်ပရာဘွမ် ၊ ဝိုင်းမော် ၊ တနိုင်းဒေသ နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် များတွင် ထိုးစစ်ဆင်မှုများ ပြင်းထန်စွာ ဆက်တိုက် ပြုလုပ်နေသလို ကရင်ပြည်နယ်တွင်လည်း စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေကာ တိုင်းရင်းသား ပြည်သူလူထုမှာ စစ်ဘေးဒဏ်ကြောင့် အိုးအိမ်စွန့်ခွာပြေးရခြင်း၊ အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခံရခြင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း အစရှိသည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ တွေ့ကြုံ ခံစား နေကြ ရသည်။[3]

---

[1] https://www.undispatch.com/myanmar-armed-forces-blacklisted-by-un-for-committing-sexual-violence-against-rohingya/
[2] http://womenofburma.org/kachin-women-denouncing-offensive-by-the-burmese-army-and-atrocities-against-kachin-people/
https://www.nytimes.com/aponline/2018/04/13/world/asia/ap-un-united-nations-sexual-violence.html
https://asiancorrespondent.com/2018/04/burma-put-on-un-watchlist-for-sexual-violence/
[3] https://www.youtube.com/watch?v=CCXHR5bjM6g

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် တိုင်းရင်းသားဒေသများရှိ ပဋိပက္ခ အတွင်း တပ်မတော်မှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား တစိုက်မတ်မတ် ထောက်ပြရှုတ်ချပြီး အရေးယူ ဆောင်ရွက်ပေးရန် တောင်းဆိုလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ အဖွဲ့ချုပ်၏ အချက် အလက် ကောက်ယူမှုမှတ်တမ်းအရ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ် ကာလ အတွင်း မြန်မာ့တပ်မတော်မှ တိုင်းရင်းသူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ (၁၂၃) ဦးအား မုဒိမ်းမှု၊ အုပ်စုလိုက် မုဒိမ်းမှုနှင့် သတ်ဖြတ်မှုများ ပြုကျင့်ခဲ့ သည်။ ထို့အပြင် ၂၀၁၈ခုနှစ် ဧပြီလ ၂ ရက်နေ့ ရှမ်းပြည်အရှေ့ပိုင်း မိုင်းဖြတ်အနီးတွင် အသက် ၇၃ နှစ်အရွယ် အဘွားအို အမျိုးသမီးတစ်ဦးအားလူသားမဆန်စွာ မုဒိန်းကျင့်ခဲ့သည်ကို ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ထုတ်ပြန်ခဲ့သည်။[4] ဤမှုခင်းများနှင့် ပတ်သက်ပြီး ထိရောက်စွာ အရေးယူခြင်းမရှိပဲ ယနေ့တိုင် တရားမျှတမှုနှင့် အမှန်တရားဖော်ဆောင်ရေးအတွက် လျစ်လျူ ရှုခံနေရသည်။[5]

ထို့အပြင် တပ်မတော်သည် ထိုကဲ့သို့ ပြစ်မှုများကို အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်စွာ ဆက်လက်ကျူးလွန်နေသည့်အပေါ် ရပ်တန့်စေရေးနှင့် ကျူးလွန်ချိုးဖောက်ခံရသူများအတွက် အမှန်တရားနှင့် တရားမျှတမှုဖော်ဆောင်ရေးကို ပြည်တွင်း တရားစီရင်ရေးယန္တရားမှ စွမ်းဆောင် နိုင်စွမ်း မရှိသည့် အတွက်ကြောင့် ကုလသမ္မဂ္ဂအနေဖြင့် နိုင်ငံတကာ ဥပဒေကြောင်းအရ အရေး ယူပေးရန် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ တိုက်တွန်း တောင်းဆိုလိုက်သည်။


အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဆက်သွယ်ရန်:

လွေးပိုးငယ် - +၉၅ ၉ ၄၅၀၀၂၉ ၀၈၂

မွန်းနေလီ - +၆၆ ၈၅၅၂၃၃၇၉ ၁


---

[4] http://www.shanhumanrights.org/eng/index.php/350-brutal-rape-of-73-year-old-woman-by-burma-army-soldier-in-mong-phyak-highlights-vulnerability-of-women-in-militarized-eastern-shan-state

[5] http://womenofburma.org/same-impunity-same-pattern-report-of-systematic-sexual-violence-in-burmas-ethnic-areas/